ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၁၂၊ အမှတ် ၂ | ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁ ရက်

## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် အကောက်ခွန်ဦးစီးဌာန မြို့နယ်မှူးမွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းနားကျင်းပ။



ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် အကောက်ခွန်ဦးစီးဌာန(သင်တန်းကျောင်း)တွင် ကျင်းပပြုလုပ်သည့် လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိများ အတွက် မြို့နယ်မှူးမွမ်းမံသင်တန်းဖွင့်ပွဲအခမ်းနားသို့ တက်ရောက်၍ အဖွင့်အမှာ စကားပြောကြားစဉ်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ၁၉-၅-၂၀၂၆ ရက်နေ့ ၀၈:၃၀ နာရီ အချိန်တွင် အကောက်ခွန်ဦးစီးဌာန(သင်တန်းကျောင်း)သို့ ရောက်ရှိခဲ့ပြီး သင်တန်းကျောင်း (စတုတ္ထထပ်)၌ ကျင်းပပြုလုပ်သည့် လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိများအတွက် မြို့နယ်မှူးမွမ်းမံသင်တန်းဖွင့်ပွဲအခမ်းနားသို့တက်ရောက် အဖွင့်အမှာစကားပြောကြားကာ သင်တန်းနည်းပြများ၊ သင်တန်းသား/ သူများနှင့်အတူအမှတ်တရ မှတ်တမ်းတင်ဓါတ်ပုံရိုက်ကူးခဲ့ပါသည်။



**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်သည် အကောက်ခွန်ဦးစီးဌာန မြို့နယ်မှူးမွမ်းမံသင်တန်းသူ/ သင်တန်းသားများနှင့် အတူမှတ်တမ်းတင်ဓါတ်ပုံရိုက်ကူးစဉ်။**

အကောက်ခွန်ဦးစီးဌာန၊ မြို့နယ်မှူးမွမ်းမံသင်တန်းအား သင်တန်းသား/သူ(၅၀)ဦးဖြင့် ၁၉-၅-၂၀၂၆ ရက်နေ့မှ ၉-၇-၂၀၂၆ ရက်နေ့အထိ ရက်သတ္တပတ်(၇)ပတ်ကြာဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနလက်အောက် (ရန်ကုန်) ဌာနများမှ ဦးဆောင် ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား/သူများ တက်ရောက်ခဲ့ပါသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးမှ ၁၈-၅-၂၀၂၆ ရက်နေ့မှ ၅-၆-၂၀၂၆ ရက်နေ့ အထိ အကောက်ခွန်ဦးစီးဌာန(သင်တန်းကျောင်း)တွင် အဆင့်စုံသင်တန်းသား/သင်တန်းသူ (၃၆)ဦးတို့ဖြင့် ဖွင့်လှစ်လျက်ရှိသော ရုံးလုပ်ငန်းသုံးကွန်ပျူတာမွမ်းမံသင်တန်း(၁/၂၀၂၆) နှင့် ၇-၅-၂၀၂၆ ရက်နေ့မှ ၂၂-၅-၂၀၂၆ ရက်နေ့အထိ အဆင့်စုံသင်တန်းသား/သင်တန်းသူ (၆၀) ဦးတို့ဖြင့် ဖွင့်လှစ်လျက်ရှိသော ကုန်ပစ္စည်း အမျိုးအစားခွဲခြားမှုဆိုင်ရာ မွမ်းမံသင်တန်း (၂/၂၀၂၆)သင်တန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး (၁၀:၁၄)နာရီ အချိန်ခန့်တွင် ပြန်လည်ထွက်ခွာခဲ့ပါသည်။

# ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်သည် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့်တရားမဝင်တင်သွင်း/တင်ပို့မှုများမရှိစေရေးအတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်(သွင်းကုန် / ပို့ကုန် )လေဆိပ်(ခရီးသည်)အားစစ်ဆေးခြင်း။



ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဟန်ဝင်းအောင်သည် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့် တရားမဝင် တင်သွင်း/တင်ပို့မှုများမရှိစေရေးအတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်(သွင်းကုန်/ပို့ကုန်(ခရီးသည်)တို့မှ တာဝန်ရှိသူများနှင့်တကွလှည့်လည်ကြည့်ရှုစစ်ဆေးပြီး Air Cargo Terminal အစည်းအဝေးခန်းမတွင် ဌာနဆိုင်ရာအကြီးအကဲများတွေ့ဆုံ အမှာစကား ပြောကြားစဉ်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်သည် ၃-၅-၂၀၂၆ ရက်နေ့ ၀၈း၃၀ နာရီအချိန်မှ ၁၀:၃၀နာရီအချိန်အထိ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့် တရားမဝင် တင်သွင်း/တင်ပို့မှုများ မရှိစေရေးအတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် သွင်းကုန်ရှိ Air Cargo Terminal အစည်းအဝေးခန်းမတွင် ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဝင်များနှင့် ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။ အစည်းအဝေးကျင်းပပြီးနောက် ၁၀:၄၀နာရီအချိန်မှ ၁၁း၅၀နာရီအချိန်အထိ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် သွင်းကုန် ၊ ပို့ကုန် နှင့် လေဆိပ် (ခရီးသည်) တို့အား တာဝန်ရှိသူများနှင့်တကွ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။




ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဟန်ဝင်းအောင်သည် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့် တရားမဝင်တင်သွင်း/တင်ပို့မှုများမရှိစေရေးအတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်(သွင်းကုန်/ပို့ကုန်/ခရီးသည်)တို့မှ တာဝန်ရှိသူများနှင့်တကွ လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



# ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး နှင့် အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်တို့သည် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်းအား ကြည့်ရှုစစ်ဆေးစဉ်။




ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်တို့သည် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်းသို့ရောက်ရှိလာပြီး တိုင်းအဆင့်ဌာနဆိုင်ရာများ၊ OSS ဌာနဆိုင်ရာများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး နှင့် အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်တို့သည် ၂-၅-၂၀၂၄ ရက်နေ့ (၁၀:၀၅)အချိန်ခန့်တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်းသို့ ရောက်ရှိလာပြီး ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်းကွပ်ကဲမှုရုံးခန်းတွင် တိုင်းအဆင့်ဌာနဆိုင်ရာများ၊ OSSဌာနဆိုင်ရာများနှင့်တွေ့ဆုံခဲ့ရာ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်းတာဝန်ခံတို့မှ ရှင်းလင်းတင်ပြခဲ့ပြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက လမ်းညွှန်မှာကြားခဲ့ပါသည်။ ထို့နောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတို့သည် (၁၂:၄၀)နာရီအချိန်ခန့်တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း အကောက်ခွန်ကုန်လှောင်ရုံသို့ရောက်ရှိပြီး တားဆီး/ဖမ်းဆီး ကုန်ပစ္စည်းများအား အမျိုးအစားအလိုက် ခွဲခြားဆောင်ရွက်ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။



ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့်အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်တို့သည် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း အကောက်ခွန်ကုန်လှောင်ရုံသို့ ရောက်ရှိပြီးတားဆီး/ဖမ်းဆီး ကုန်ပစ္စည်းများအား အမျိုးအစားအလိုက် ခွဲခြားဆောင်ရွက်ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့တို့သည် သွင်းကုန်ယာဉ်စစ်ကွင်းအတွင်း စစ်ဆေးဆောင်ရွက်မှုများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး သွင်းကုန်ယာဉ်စစ်ကွင်းရှိ X-Ray စက်အား စစ်ဆေးပြီး သိရှိလိုသည့်အချက်များအား မေးမြန်းရာ X-Ray Operatorမှ X-Ray စက်ဖြင့် ကုန်ကားများအား ဖြတ်သန်းမောင်းနှင်စေပြီး ထွက်ပေါ်လာသောX-Ray ပုံရိပ်များနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြခဲ့ပါသည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပို့ကုန်ယာဉ်စစ်ကွင်းအား မော်တော်ယာဉ်ဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ပြီး ၁၈ ယာဉ်ရပ်နားကွင်းသို့ ဆက်လက်ထွက်ခွာခဲ့ရာ (၁၂:၅၅)အချိန်ခန့်တွင် ရောက်ရှိခဲ့ပြီး ၁၈ ယာဉ်ရပ်နားကွင်းအတွင်း တည်ဆောက်ထားသောကတ္တားပေါ်သို့ မော်တော်ယာဉ်များ ကတ္တားချိန်တွယ်နေမှုများအား အသေးစိတ်ကြည့်ရှုစစ်ဆေးကာ(၁၃:၁၀)နာရီ အချိန်ခန့်တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်းမှ ပြန်လည်ထွက်ခွာသွားပါသည်။

**ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Air Cargo Terminal အစည်းအဝေးခန်းမတွင် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ Yangon Aerodrome Co.,ltd မှ တာဝန်ရှိသူများ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဝင်များ နှင့် ညှိနှိုင်းအစည်းအဝေးကျင်းပ။**



အကောက်ခွန်ဦးစီးဌာန ၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေသည် Air Cargo Terminal အစည်းအဝေးခန်းမတွင် ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဝင်များ နှင့် ညှိနှိုင်းအစည်းအဝေးတွင်အဖွင့်အမှာစကားပြောကြားစဉ်။

အကောက်ခွန်ဦးစီးဌာန ၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေသည် လေကြောင်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ရဲမှူးကြီးအောင်မိုးဦး၊ Yangon Aerodrome Co.,ltd မှ တာဝန်ရှိသူများ နှင့်အတူ ၁၃-၅-၂၀၂၆ ရက်နေ့ (၀၇:၃၀) နာရီ အချိန်မှ (၀၉:၀၀) နာရီအချိန်အထိ ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ် (ခရီးသည်) ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။ ထို့နောက် (၀၉:၃၀) နာရီ အချိန်မှ (၁၁:၃၀) နာရီ အချိန်အထိ ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ် (သွင်းကုန်)ရှိ Air Cargo Terminal အစည်းအဝေးခန်းမတွင် ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဝင်များနှင့် ညှိနှိုင်အစည်းအဝေးကျင်းပပြုလုပ်ခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။

# ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူစာချုပ်ပါ အစီအမံဖြစ်သည့် Article 11: Freedom of Transit နှင့် စပ်လျဉ်း၍ အလုပ်ရုံဆွေးနွေးပွဲကျင်းပ။




ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘောတူစာချုပ်ပါအစီအမံဖြစ်သည့် Article 11: Freedom of Transit နှင့်စပ်လျဉ်း၍ ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲ၌အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဦးသိန်းဆွေမှ အဖွင့်အမှာစကား ပြောကြားစဉ်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူစာချုပ်ပါ အစီအမံဖြစ်သည့် Article 11: Freedom of Transit နှင့်စပ်လျဉ်း၍ WTO မှ ပေးအပ်သည့် စီမံကိန်းပြင်ဆင်သည့် ထောက်ပံ့မှု (Project Preparation Grant-PPG) ရရှိခဲ့သဖြင့် ကျွမ်းကျင်သူ (Expert) ဖြစ်သူ Mr. Goran Andreev သည် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပြီး ၁၁-၅-၂၀၂၆ ရက်နေ့မှ ၁၄-၅-၂၀၂၆ ရက်နေ့အထိ အစည်းအဝေးများ နှင့် အလုပ်ရုံဆွေးနွေးပွဲများကို အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်) နှင့် Pan Pacific Yangon Hotel တို့၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ ၁၄-၅-၂၀၂၆ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲ၌ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဦးသိန်းဆွေမှ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အကောက်ခွန်ဦးစီးဌာနမှ ကိုယ်စားလှယ်များ၊ အခြားဆက်စပ်အစိုးရ ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကဏ္ဍမှကိုယ်စားလှယ်များ၊ အခြားပုဂ္ဂလိက အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဆိပ်ကမ်း၊ လေဆိပ်များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။




ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘောတူစာချုပ်ပါအစီအမံဖြစ်သည့်Article 11: Freedom of Transit နှင့် စပ်လျဉ်း၍ ကျင်းပသည့်အလုပ်ရုံဆွေးနွေးပွဲသို့ ဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်ဌာနအဖွဲ့အစည်းများတက်ရောက်စဉ်။



အစည်းအဝေးများနှင့် အလုပ်ရုံဆွေးနွေးပွဲများတွင် ဆက်စပ်ဌာနအဖွဲ့အစည်းများမှ (၅၀)ဦးခန့်နှင့် ပုဂ္ဂလိကကဏ္ဍမှ (၅၀) ဦးခန့်၊ စုစုပေါင်း (၁၀၀) ဦး ခန့် တက်ရောက်ခဲ့ကြပါသည်။ ကျွမ်းကျင်သူ (Expert) လာရောက်ရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရှိကုန်စည်ဖြတ်သန်း သယ်ဆောင်ခြင်း(Transit)ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ငန်းဆောင်ရွက်ချက်များနှင့် အဖွဲ့အစည်းဆိုင်ရာ အခြေအနေများအပေါ် အကဲဖြတ် သုံးသပ်ချက်များအား ပိုမိုရှင်းလင်းစွာ ဆောင်ရွက်စေရန်နှင့် စီမံကိန်း၏ အပြီးသတ်အစီရင်ခံစာ ထုတ်ပြန်နိုင်ရေး အထောက်အကူပြုနိုင်ရန်ဖြစ်ပါသည်။

# ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်းဆိုင်ရာမွမ်းမံသင်တန်းအမှတ်စဉ် (၂/၂၀၂၆)

# ဖွင့်ပွဲအခမ်းအနားကျင်းပ



အကောက်ခွန်ဦးစီးဌာန၊ ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်းဆိုင်ရာ မွမ်းမံသင်တန်းအမှတ်စဉ် (၂/၂၀၂၆) ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတကာရေးရာဌာနခွဲ ၊ ညွှန်ကြားရေးမှူးဦးမိုးကျော်အေး မှ အဖွင့်အမှာစကားပြောကြားစဉ်။

၇-၅-၂၀၂၆ ရက်နေ့၊ (၀၉း၀၀) နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန၊ သင်တန်းကျောင်း၌ ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်းဆိုင်ရာမွမ်းမံသင်တန်း အမှတ်စဉ် (၂/၂၀၂၆) ဖွင့်ပွဲအခမ်းအနားအား ကျင်းပခဲ့ပါသည်။ အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနား၌ ညွှန်ကြားရေးမှူး (နိုင်ငံတကာ)၊ ဌာနခွဲအသီးသီးမှ ဒုတိယညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား/ သင်တန်းသူများတက်ရောက်ခဲ့ကြပါသည်။ အဆိုပါ ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်းဆိုင်ရာမွမ်းမံသင်တန်း အမှတ်စဉ် (၂/၂၀၂၆) အား ၇-၅-၂၀၂၆ ရက်နေ့မှ ၂၂-၅-၂၀၂၆ ရက်နေ့အထိ ရက်နေ့အထိ ရက်သတ္တပတ် (၂)ပတ်ကြာ နေ့စဉ်(၀၉: ၀၀) နာရီမှ (၁၆:၄၀) နာရီအထိ အကောက်ခွန်ဦးစီးဌာန၊ ဌာနခွဲ (၁၂) ခုမှ သင်တန်းသား/ သင်တန်းသူ (၆၀) ဦး တို့ဖြင့် သင်ကြားပို့ချခဲ့ပြီး HSသမိုင်းကြောင်းများ၊ HSဖွဲ့စည်းတည်ဆောက်ပုံ၊ ယေဘုယျ အဓိပ္ပာယ်ဖွင့်ဆိုချက်များ (GIRs)၊ HS Chapter (1 to 97) ရှိ အပိုင်း၊ အခန်း၊ ခေါင်းစဉ်၊ ခေါင်းစဉ်ခွဲများအား အခန်းအလိုက် ဆွေးနွေးပို့ချခြင်းနှင့် ဆန်းစစ်စာမေးပွဲများ ကျင်းပခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

# အကောက်ခွန်ဆိုင်ရာ ပြည်ပသင်တန်း၊ ဆွေးနွေးပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့ကြသူများက အသိပညာဖြန့်ဝေ၊ မျှဝေမှုအစီအစဉ် (Knowledge Sharing Program-KSP) အားကျင်းပခြင်း။




အကောက်ခွန်ဦးစီးဌာန၊ အကောက်ခွန်ဆိုင်ရာပြည်ပသင်တန်း၊ ဆွေးနွေးပွဲနှင့်အလုပ်ရုံဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့ကြသူများက အသိပညာ ဖြန့်ဝေ၊မျှဝေမှုအစီအစဉ်တွင် ဒုတိယညွှန်ကြားရေးမှူးဒေါ်ယဉ်မျိုးမင်းနှင့် ဦးစီးအရာရှိဦးမျိုးမင်းသန့်က အလုပ်ရုံဆွေးနွေးပွဲ အကြောင်း သိကောင်းစရာခေါင်းစဉ်အလိုက် ဆွေးနွေးပြောကြားစဉ်။

၈-၅-၂၀၂၆ ရက်နေ့၊ (၀၉:၃၀) နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန၊ ဇေယျာသီဟခန်းမ၌ အကောက်ခွန်ဆိုင်ရာ ပြည်ပသင်တန်း၊ ဆွေးနွေးပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့ကြသူများ က အသိပညာဖြန့်ဝေ၊ မျှဝေမှုအစီအစဉ် (Knowledge Sharing Program-KSP) အား ကျင်းပခဲ့ပြီး အဆိုပါ အစီအစဉ်သို့ အကောက်ခွန်ဦးစီးဌာနဌာနခွဲများမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် ဌာနခွဲအသီးသီးမှ အရာထမ်း၊ အမှုထမ်း(၇၀)ဦး တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ အသိပညာဖြန့်ဝေ၊မျှဝေ မှုအစီအစဉ်တွင် ဒုတိယညွှန်ကြားရေးမှူးဒေါ်ယဉ်မျိုးမင်းက "အာရှ-ပစိဖိတ်ဒေသတွင်း မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး ကျွမ်းကျင်သူများ၏ ဒေသတွင်းအလုပ်ရုံနွေးပွဲ"အကြောင်း သိကောင်းစရာခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဦးစီးအရာရှိဦးမျိုးမင်းသန့်က "အာရှ-ပစိဖိတ်ဒေသရှိ အကောက်ခွန်အရာရှိများအတွက် အသေးစားရေယာဉ်များ စောင့်ကြည့်စစ်ဆေးရေး စနစ်ဆိုင်ရာသင်တန်း" ခေါင်းစဉ်ဖြင့်လည်းကောင်း ပြောကြား ခဲ့ကြပြီး တက်ရောက်သူများ မှ သိရှိလိုသည်များအား မေးမြန်းဆွေးနွေးခဲ့ကြပါသည်။





အကောက်ခွန်ဦးစီးဌာန၊ အကောက်ခွန်ဆိုင်ရာပြည်ပသင်တန်း၊ ဆွေးနွေးပွဲနှင့်အလုပ်ရုံဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့ကြသူများက အသိပညာဖြန့်ဝေမျှဝေမှု အစီအစဉ်တွင် ဒုတိယညွှန်ကြားရေးမှူးဒေါက်တာအေးအေးသိုက်နှင့် ဦးစီးအရာရှိဦးအောင်မျိုးမြင့်က အလုပ်ရုံဆွေးနွေးပွဲ အကြောင်းသိကောင်းစရာခေါင်းစဉ် အလိုက်ဆွေးနွေးပြောကြားစဉ်။

၁၅-၅-၂၀၂၄ ရက်နေ့၊ (၀၉:၃၀) နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန၊ ဇေယျာသီဟခန်းမ၌ အကောက်ခွန်ဆိုင်ရာ ပြည်ပသင်တန်း၊ ဆွေးနွေးပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့ကြသူများ က အသိပညာဖြန့်ဝေမျှဝေမှု အစီအစဉ် (Knowledge Sharing Program-KSP) အား ကျင်းပခဲ့ပြီး အဆိုပါ အစီအစဉ်သို့ အကောက်ခွန်ဦးစီးဌာန ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် ဌာနခွဲအသီးသီးမှ အရာထမ်း၊ အမှုထမ်း (၇၀)ဦး တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအသိပညာဖြန့်ဝေမျှဝေမှု အစီအစဉ်တွင် ဒုတိယညွှန်ကြားရေးမှူးဒေါက်တာအေးအေးသိုက်က "စစ်ဆေးရေးဂိတ်များစွမ်းဆောင်ရည်မြှင့် တင်ရေးအစီအစဉ် (Check point Competencies Programme)" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးစီးအရာရှိ ဦးအောင်မျိုးမြင့်က "အာဖရိက-အာရှဒေသတွင်း တောရိုင်းတိရစ္ဆာန်များ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ" ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးပြောကြား ခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲရှိ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့်ပစ္စည်းများအား လေလံတင်ထုခွဲရောင်းချခြင်း အခမ်းအနားကျင်းပ။




**အကောက်ခွန်ဦးစီးဌာန၊ ဖမ်းဆီးရမိစက်ဘီးများနှင့် အထွေထွေကုန်ပစ္စည်းများအား အများပြည်သူသို့လေလံတင်ထုခွဲရောင်းချခြင်း အခမ်းအနားတွင် ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူးဦးဝင်းဆွေမှ အဖွင့်အမှာစကားပြောကြားခြင်း။**

၁၄-၅-၂၀၂၆ ရက်နေ့ နံနက် ၁၀:၀၀ အချိန်တွင် ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၌ ဖမ်းဆီးရမိပြီး ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော လေလံအဆင့်ရောက် အမှုတွဲ(၄၃)မှုပါ Electronic ပစ္စည်းများ၊ စက်ပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ တိရစ္ဆာန်အစာများနှင့် အထွေထွေကုန်ပစ္စည်းများအား Lot -(၆)ခုခွဲ၍ အများပြည်သူသို့ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းကို အကောက်ခွန်ဦးစီးဌာန၊ စီမံခန့်ခွဲမှုနှင့် လူ့သားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၏ ၆-၅-၂၀၂၆ ရက်စွဲပါ ရုံးတွင်းအမိန့်စာအမှတ် (၃၃၉/၂၀၂၆) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သော ညွှန်ကြားရေးမှူး(ထောက်/ပို့) ဥက္ကဋ္ဌအဖြစ် ဦးဆောင်သည့် လေလံတင်ရောင်းချရေးအဖွဲ့ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

လေလံပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ဝယ်ယူသူ (၈၅) ဦး တက်ရောက်ခဲ့ပြီး ယင်းနေ့ နံနက် ၁၀:၀၀ အချိန်တွင် လေလံတင်ရောင်းချရေးအဖွဲ့ဥက္ကဋ္ဌမှ အမှာစကားပြောကြားခြင်း၊ အတွင်းရေးမှူးမှ လေလံစည်းကမ်းချက်များကို ဖတ်ကြားရှင်းလင်းခြင်းများပြုလုပ်၍ လေလံတင်ရောင်းချခြင်းအား ဆောင်ရွက်ခဲ့ပါသည်။ လေလံပွဲ၌ လေလံတင်ရောင်းချခဲ့သည့် ပစ္စည်းအတွဲ Lotတွဲ (၆)ခုသည် ကြမ်းခင်းဈေး ပြည့်မီကျော်လွန်၍ လေလံအောင်မြင်ခဲ့ပြီး စုစုပေါင်း လေလံတင်ရောင်းချရငွေကျပ် (၆,၃၆၇,၀၀၀,၀၀၀) ရရှိခဲ့ပါသည်။ လေလံတင်ရောင်းချခြင်း အခမ်းအနားသည် ယင်းနေ့ နေ့လည် (၁၃း၀၀) နာရီ အချိန်တွင် ပြီးဆုံးခဲ့ပါသည်။

# ဗီယက်နမ်နိုင်ငံ၊ ဟန္နိုင်းမြို့၌ ကျင်းပခဲ့သည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Joint Group- APJG) ၏ မျက်နှာချင်းဆိုင်အစည်းအဝေးသို့ တက်ရောက်ခဲ့မှု




**ဗီယက်နမ်နိုင်ငံ၊ ဟန္နိုင်းမြို့တွင် ကျင်းပခဲ့သော ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Joint Group - APJG) ၏ မျက်နှာချင်းဆိုင်အစည်းအဝေးသို့ တက်ရောက်ခဲ့မှု မှတ်တမ်းတင်ဓာတ်ပုံ။**

ဗီယက်နမ်နိုင်ငံ၊ ဟန္နိုင်းမြို့တွင်၂၀၂၆ ခုနှစ်၊ မေလ ၇ ရက်နေ့မှ ၈ ရက်နေ့အထိ ကျင်းပခဲ့သော ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Joint Group- APJG)၏ မျက်နှာချင်းဆိုင်အစည်းအဝေးသို့ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားမှုးချုပ် ဦးဇော်နိုင် ဦးဆောင်၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှုး ဦးတင်ထွဋ်တို့ တက်ရောက်ခဲ့ပါသည်။



အကောက်ခွန်ဦးစီးဌာန၏မူဝါဒ၊ မျှော်မှန်းချက်၊ သတ်မှတ်တာဝန်များ၊ အကောက်ခွန်ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် အခြားတည်ဆဲဥပဒေများကို တိတိကျကျနားလည်စေရန်နှင့် အကောက်ခွန်နယ်မြေရုံးများတာဝန်ထမ်းဆောင်ကြမည့် မြို့နယ်ဦးစီးမှူးများ အနေဖြင့် မိမိတို့၏လုပ်ငန်းတာဝန်များကို အဆင်ပြေချောမွေ့စွာ ထမ်းဆောင်နိုင်စေရန်အတွက် မြို့နယ်မှူးမွမ်းမံသင်တန်းအား လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ထွန်းမှ ဆွေးနွေးပို့ချစဉ်။

အကောက်ခွန်ဦးစီးဌာန၏ မူဝါဒ၊ မျှော်မှန်းချက်၊ သတ်မှတ်တာဝန်များ၊ အကောက်ခွန်ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် အခြားတည်ဆဲဥပဒေများကို တိတိကျကျနားလည်စေရန် နှင့် အကောက်ခွန်နယ်မြေရုံးများ တာဝန်ထမ်းဆောင်ကြမည့် မြို့နယ်ဦးစီးမှူးများအနေဖြင့် မိမိတို့၏လုပ်ငန်းတာဝန်များကို အဆင်ပြေချောမွေ့စွာ ထမ်းဆောင်နိုင်စေရန်အတွက် ဦးစီးဌာနရှိ လက်ထောက်ညွှန်ကြားရေးမှူး နှင့် ဦးစီးအရာရှိ စုစုပေါင်း သင်တန်းသား(၅၀)ဦးဖြင့် မြို့နယ်မှူးမွမ်းမံသင်တန်းအား အကောက်ခွန်သင်တန်းကျောင်းတွင် ၁၉-၅-၂၀၂၆ရက်နေ့မှ ၉-၇-၂၀၂၆ ရက်နေ့ထိ ပို့ချလျက်ရှိပါသည်။ အဆိုပါ မွမ်းမံသင်တန်းတွင် ဥပဒေရေးရာဌာနခွဲအနေဖြင့် အကောက်ခွန်ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ နှင့် အခြားတည်ဆဲဥပဒေများဘာသာရပ်၊ သိမ်းဆည်းမိန့်ထုတ်ပြန်ရာတွင် လိုက်နာရမည့်အချက်များ ဘာသာရပ်နှင့် အကောက်ခွန်အယူခံတင်သွင်းခြင်းဆိုင်ရာ ဘာသာရပ်တို့အား ၁၉-၅-၂၀၂၆ မှ ၂၀-၅-၂၀၂၆ ထိ ဆွေးနွေးပို့ချခဲ့ပါသည်။

အကောက်ခွန်ဦးစီးဌာန၏ သွင်းကုန်/ ထုတ်ကုန်ရှင်းလင်းရေးလုပ်ငန်းစဉ်များတွင် (၁၀.၅.၂၀၂၆) ရက်နေ့ (၀၀:၀၀:၀၁) နာရီမှ (၁၆.၅.၂၀၂၆) ရက်နေ့ (၂၄:၀၀:၀၀) နာရီအထိ အခွန်အရပ်ရပ်၌ စည်းကြပ်တွက်ချက်ကောက်ခံနိုင်ရန်အတွက် ငွေကြေးအမျိုးအစားလိုက် သတ်မှတ်ထားရှိသည့် အပေါက်စဉ်ငွေလဲလှယ်နှုန်း (Weekly Exchange Rate) မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| | | | |
|---|---|---|---|
| (က) | အမေရိကန်ဒေါ်လာ (USD) | 2100 | 1/- = K |
| (ခ) | ယူရို (EUR ) | 2459.03 | 1/- = K |
| (ဂ) | စင်ကာပူ (SGD) | 1646.03 | 1/- = K |
| (ဃ) | ဗြိတိန်ပေါင်(GBP) | 2837.28 | 1/- = K |
| (င) | ဂျပန်ယန်း (JPY) | 13.1693333 | 1/- = K |
| (စ) | ဩစတြေးလျ (AUD) | 1504.3366667 | 1/- = K |
| (ဆ) | ဘင်္ဂလားဒေ့ရှ်တာကာ(BDT) | 17.0866667 | 1/- = K |
| (ဇ) | တရုတ်ယွမ် (CNY) | 307.42 | 1/- = K |
| (ဈ) | ဟောင်ကောင် (HKD) | 267.9833333 | 1/- = K |
| (ည) | အိန္ဒိယရူပီး (INR) | 22.26 | 1/- = K |
| (ဋ) | ကိုရီးယား (KRW) | 1.4226667 | 1/- = K |
| (ဌ) | လာအို (LAK) | 0.0957667 | 1/- = K |
| (ဍ) | မလေးရှား (MYR) | 530.93 | 1/- = K |
| (ဎ) | ရုရှား (RUB) | 27.9333333 | 1/- = K |
| (ဏ) | ထိုင်းဘတ် (THB) | 64.79 | 1/- = K |
| (တ) | ဗီယက်နမ် (VND) | 0.0797333 | 1/- = K |

(အထက်ပါ Weekly Exchange Rate များသည် အကောက်ခွန်ဦးစီးဌာန၏ သွင်းကုန်/ ထုတ်ကုန်ရှင်းလင်းရေးလုပ်ငန်းစဉ်များတွင် အခွန်အရပ်ရပ်စည်းကြပ်တွက်ချက် ကောက်ခံမှု၌သာ အသုံးပြုရန်အတွက်ဖြစ်သည်။)

အကောက်ခွန်ဦးစီးဌာန၏ သွင်းကုန်/ ထုတ်ကုန်ရှင်းလင်းရေး လုပ်ငန်းစဉ်များတွင် (၁၇.၅.၂၀၂၆) ရက်နေ့ (၀၀:၀၀:၀၁) နာရီမှ (၂၃.၅.၂၀၂၆) ရက်နေ့ (၂၄:၀၀:၀၀) နာရီ အထိအခွန်အရပ်ရပ်၌ စည်းကြပ်တွက်ချက်ကောက်ခံနိုင်ရန်အတွက် ငွေကြေးအမျိုးအစားလိုက် သတ်မှတ်ထားရှိသည့် အပတ်စဉ်ငွေလဲလှယ်နှုန်း (Weekly Exchange Rate) မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| | | | |
|---|---|---|---|
| (က) | အမေရိကန်ဒေါ်လာ (USD) | 2100 | 1/- = K |
| (ခ) | ယူရို (EUR ) | 2461.078 | 1/- = K |
| (ဂ) | စင်ကာပူ (SGD) | 1649.252 | 1/- = K |
| (ဃ) | ဗြိတိန်ပေါင်(GBP) | 2848.002 | 1/- = K |
| (င) | ဂျပန်ယန်း (JPY) | 13.35282 | 1/- = K |
| (စ) | ဩစတြေးလျ (AUD) | 1511.812 | 1/- = K |
| (ဆ) | ဘင်္ဂလားဒေ့ရှ်တာကာ(BDT) | 17.104 | 1/- = K |
| (ဇ) | တရုတ်ယွမ် (CNY) | 307.796 | 1/- = K |
| (ဈ) | ဟောင်ကောင် (HKD) | 268.036 | 1/- = K |
| (ည) | အိန္ဒိယရူပီး (INR) | 22.12 | 1/- = K |
| (ဋ) | ကိုရီးယား (KRW) | 1.43398 | 1/- = K |
| (ဌ) | လာအို (LAK) | 0.09564 | 1/- = K |
| (ဍ) | မလေးရှား (MYR) | 532.168 | 1/- = K |
| (ဎ) | ရုရှား (RUB) | 27.892 | 1/- = K |
| (ဏ) | ထိုင်းဘတ် (THB) | 64.642 | 1/- = K |
| (တ) | ဗီယက်နမ် (VND) | 0.07976 | 1/- = K |

(အထက်ပါ Weekly Exchange Rate များသည် အကောက်ခွန်ဦးစီးဌာန၏ သွင်းကုန်/ထုတ်ကုန်ရှင်းလင်းရေးလုပ်ငန်းစဉ်များတွင် အခွန်အရပ်ရပ်စည်းကြပ်တွက်ချက် ကောက်ခံမှု၌သာ အသုံးပြုရန်အတွက်ဖြစ်သည်။)

အကောက်ခွန်ဦးစီးဌာန၏ သွင်းကုန်/ ထုတ်ကုန်ရှင်းလင်းရေးလုပ်ငန်းစဉ်များတွင် (၂၄.၅.၂၀၂၆) ရက်နေ့ (၀၀:၀၀:၀၁) နာရီမှ (၃၀.၅.၂၀၂၆) ရက်နေ့ (၂၄:၀၀:၀၀) နာရီအထိ အခွန်အရပ်ရပ်၌ စည်းကြပ်တွက်ချက်ကောက်ခံနိုင်ရန်အတွက် ငွေကြေးအမျိုးအစားလိုက် သတ်မှတ်ထားရှိသည့် အပတ်စဉ်ငွေလဲလှယ်နှုန်း (Weekly Exchange Rate) မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| | | | |
|---|---|---|---|
| (က) | အမေရိကန်ဒေါ်လာ (USD) | 2100 | 1/- = K |
| (ခ) | ယူရို (EUR ) | 2464.542 | 1/- = K |
| (ဂ) | စင်ကာပူ (SGD) | 1651.946 | 1/- = K |
| (ဃ) | ဗြိတိန်ပေါင်(GBP) | 2845.062 | 1/- = K |
| (င) | ဂျပန်ယန်း (JPY) | 13.3403 | 1/- = K |
| (စ) | သြစတြေးလျ (AUD) | 1519.142 | 1/- = K |
| (ဆ) | ဘင်္ဂလားဒေ့ရှ်တာကာ(BDT) | 17.098 | 1/- = K |
| (ဇ) | တရုတ်ယွမ် (CNY) | 309.084 | 1/- = K |
| (ဈ) | ဟောင်ကောင် (HKD) | 268.204 | 1/- = K |
| (ည) | အိန္ဒိယရူပီး (INR) | 22.012 | 1/- = K |
| (ဋ) | ကိုရီးယား (KRW) | 1.41704 | 1/- = K |
| (ဌ) | လာအို (LAK) | 0.09578 | 1/- = K |
| (ဍ) | မလေးရှား (MYR) | 534.598 | 1/- = K |
| (ဎ) | ရုရှား (RUB) | 28.372 | 1/- = K |
| (ဏ) | ထိုင်းဘတ် (THB) | 64.894 | 1/- = K |
| (တ) | ဗီယက်နမ် (VND) | 0.07976 | 1/- = K |

(အထက်ပါ Weekly Exchange Rate များသည် အကောက်ခွန်ဦးစီးဌာန၏ သွင်းကုန်/ ထုတ်ကုန်ရှင်းလင်းရေးလုပ်ငန်းစဉ်များတွင် အခွန်အရပ်ရပ် စည်းကြပ်တွက်ချက်ကောက်ခံမှု၌သာ အသုံးပြုရန်အတွက်ဖြစ်သည်။)

အကောက်ခွန်ဦးစီးဌာန၏ သွင်းကုန်/ ထုတ်ကုန်ရှင်းလင်းရေးလုပ်ငန်းစဉ်များတွင် (၃၁.၅.၂၀၂၆) ရက်နေ့ (၀၀:၀၀:၀၁) နာရီမှ (၆.၆.၂၀၂၆) ရက်နေ့ (၂၄:၀၀:၀၀) နာရီအထိ အခွန်အရပ်ရပ်၌ စည်းကြပ်တွက်ချက်ကောက်ခံနိုင်ရန်အတွက် ငွေကြေးအမျိုးအစားလိုက် သတ်မှတ်ထားရှိသည့် အပတ်စဉ်ငွေလဲလှယ်နှုန်း (Weekly Exchange Rate) မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| | | | |
|---|---|---|---|
| (က) | အမေရိကန်ဒေါ်လာ (USD) | 2100 | 1/- = K |
| (ခ) | ယူရို (EUR ) | 2440.644 | 1/- = K |
| (ဂ) | စင်ကာပူ (SGD) | 1641.076 | 1/- = K |
| (ဃ) | ဗြိတိန်ပေါင်(GBP) | 2811.464 | 1/- = K |
| (င) | ဂျပန်ယန်း (JPY) | 13.21648 | 1/- = K |
| (စ) | ဩစတြေးလျ (AUD) | 1499.066 | 1/- = K |
| (ဆ) | ဘင်္ဂလားဒေ့ရှ်တာကာ(BDT) | 17.098 | 1/- = K |
| (ဇ) | တရုတ်ယွမ် (CNY) | 308.728 | 1/- = K |
| (ဈ) | ဟောင်ကောင် (HKD) | 268.128 | 1/- = K |
| (ည) | အိန္ဒိယရူပီး (INR) | 21.798 | 1/- = K |
| (ဋ) | ကိုရီးယား (KRW) | 1.39718 | 1/- = K |
| (ဌ) | လာအို (LAK) | 0.09584 | 1/- = K |
| (ဍ) | မလေးရှား (MYR) | 529.386 | 1/- = K |
| (ဎ) | ရုရှား (RUB) | 29.194 | 1/- = K |
| (ဏ) | ထိုင်းဘတ် (THB) | 64.378 | 1/- = K |
| (တ) | ဗီယက်နမ် (VND) | 0.07968 | 1/- = K |

(အထက်ပါ Weekly Exchange Rate များသည် အကောက်ခွန်ဦးစီးဌာန၏ သွင်းကုန်/ ထုတ်ကုန်ရှင်းလင်းရေးလုပ်ငန်းစဉ်များတွင် အခွန်အရပ်ရပ်စည်းကြပ် တွက်ချက်ကောက်ခံမှု၌သာ အသုံးပြုရန်အတွက်ဖြစ်သည်။)

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၂၂၇၈.၄၀၇ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက်နှင့် အကောက်ခွန်နယ်မြေဒေသများ၌ တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း /တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေတားဆီး အရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ မေလ (၁) ရက် မှ (၃၁) ရက် အထိ စုစုပေါင်းတားဆီး /ဖမ်းဆီးမှု ( ၃၁၈ ) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးကျပ် ( ၁၂၂၇၈.၄၀ ) သန်း ဖြစ်ပါသည်။


## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု




၁၇-၅-၂၀၂၆ ရက်နေ့ ၁၈:၃၀နာရီ အချိန်ခန့်တွင် မြန်မာနိုင်ငံသားခရီးသည် Zay Yar Naing (PP No. MK539717) သည် Myanmar Airways International Airlines လေယာဉ် ခရီးစဉ်အမှတ်၊ 8M-334/ SF-5486 ဖြင့် ထိုင်းနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာပြီး ၎င်းခရီးသည်၏ Baggage အိတ်များအား Airside ရှိ X-Ray စက်ဖြင့် ဖြတ်သန်းစစ်ဆေးရာတွင် X-Ray ပုံရိပ်မသင်္ကာသဖြင့် Arrival Exit-A အကောက်ခွန်စစ်ဆေးရေးကောင်တာ၌ အကောက်ခွန်ဦးစီးဌာန၊ စစ်ဖက်ရေးရာလုံခြုံရေးတပ်ဖွဲ့(လေ)၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့နှင့် လေဆိပ်လုံခြုံရေးအဖွဲ့ (YACL)တို့ ပူးပေါင်းပါဝင်သောအဖွဲ့စုံဖြင့် ပိုင်ရှင်၏ရှေ့မှောက်တွင် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ တရားဝင်တင်သွင်းမှု စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော Brand: Olylife,THz Tera-P90,Model-P90 C/O-Not Found (16)U(ခြေထောက်နှိပ်စက်)ခန့်မှန်းတန်ဖိုးကျပ်(၄၈,၀၀၀,၀၀၀/-) ဖြင့် အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ ခုနှစ်၊ မေ လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၂၂၇၈.၄၀၇ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု




၂၈-၅-၂၀၂၆ ရက်နေ့ (၁၀:၃၀) နာရီ အချိန်ခန့်တွင် မြန်မာနိုင်ငံသားခရီးသည် Htet Zin Aung သည် Thai Airways လေယာဉ်ခရီးစဉ်အမှတ်၊ TG-301/SF-5841 ဖြင့် ထိုင်းနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာပြီး ၎င်းခရီးသည်၏ Baggage အိတ်များအား Airside ရှိ X-Ray စက်ဖြင့် ဖြတ်သန်းစစ်ဆေးရာတွင် X-Ray ပုံရိပ်မသင်္ကာသဖြင့် Arrival Exit-A အကောက်ခွန်စစ်ဆေးရေးကောင်တာ၌ အကောက်ခွန်ဦးစီးဌာန၊ စစ်ဖက်ရေးရာလုံခြုံရေးတပ်ဖွဲ့ (လေ)၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့နှင့် လေဆိပ်လုံခြုံရေးအဖွဲ့(YACL)တို့ ပူးပေါင်းပါဝင်သော အဖွဲ့စုံဖြင့် ပိုင်ရှင်၏ရှေ့မှောက်တွင် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ တရားဝင်တင်သွင်းမှု စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Aoralscan Elf Set ,C/O – China,(4) Set အပါ ကုန်ပစ္စည်း (၃)မျိုး ခန့်မှန်းတန်ဖိုးကျပ် (၁၄၇,၂၄၇,၈၀၀/-) ဖြင့် အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၂၂၇၈.၄၀၇) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု







၁၆-၅-၂၀၂၆ ရက်နေ့ ၁၂:၃၀ နာရီအချိန်တွင် သတင်းပေးမှ သတင်းပေးမှုအရ မတ္တရာမြို့နယ်၊ မြကန်သာကျေးရွာ၌ ရပ်တန့်ထားသော ရွှေကူမှမန္တလေးသို့ ယာဉ်မောင်း ဦးအာကာစိုး (ဘ) ဦးစိုးနိုင် မောင်းနှင်လာသော NIDI(12)WHEEL TRUCK (NDT-01)Truck (8x4)(R)(T/S), Model-2011, (C/O-ဇုန်ထုတ်) (12W) အမျိုးအစား၊ ယာဉ်အမှတ်၊ 8J/4256 ယာဉ်အား အသေးစိတ်စစ်ဆေးရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Sogo,YT4L-BS(Motor cycle)Battery,(1x10U), 1330Ctn (13300)U အပါ ကုန်ပစ္စည်း (၄) မျိုး၊ ခန့်မှန်းတန်ဖိုးကျပ် (၁၈၃,၂၀၄,၀၀၀/-) ဖြင့် အမှုတွဲဖွင့်လှစ်၍တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ်
## ( ၁၂၂၇၈၄၀၇ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

**နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု**







၂၀-၅-၂၀၂၆ ရက်နေ့ (၁၀:၀၀) အချိန်ခန့်တွင် မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့သွားမည့် ယာဉ်အမှတ်၊ 5E/2842 (Station Wagon)ယာဉ်အား ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးရာ တရားဝင်တင်သွင်းခွင့် အထောက်အထား စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့် Samsung Galaxy A06 (RAM 4GB, ROM 64GB), Brand - Samsung, C/O - China - 250 U အပါအဝင် ကုန်ပစ္စည်း (၅) မျိုး ခန့်မှန်းတန်ဖိုးကျပ် (၂၁၀,၀၀၀,၀၀၀/-) ဖြင့် အမှုတွဲဖွင့်လှစ်၍တားဆီးခဲ့ပါ သည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ ခုနှစ်၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၂၂၇၈.၄၀၇ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ


### ထူးခြားဖမ်းဆီးမှု




တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဝင်များသည် ရတနာပုံတံတား စစ်ဆေးရေးဂိတ်၌ တာဝန်ထမ်းဆောင်စဉ် ၉-၅-၂၀၂၆ ရက်နေ့ ၁၄:၃၀ နာရီအချိန်တွင် ရွှေဘိုမှမန္တလေးသို့ ယာဉ်မောင်း ဦးသော်သော်ဦး (ဘ) ဦးကိုကြီး မောင်းနှင်လာသော မော်တော်ယာဉ်အား ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဖြင့် အသေးစိတ်စစ်ဆေးရာ ယာဉ်ပေါ်၌ တရားဝင်တင်သွင်းခွင့် စာရွက်စာတမ်း အထောက်အထားများ တင်ပြနိုင်ခြင်းမရှိသည့် စီးကရက် Brand-Mevius, (1Ctnx10Ux 50 Boxes), 80Ctn (Original Carton Box မပါပါ) (40000)U အပါအဝင် အထွေထွေကုန်စည် (၂)မျိုး ခန့်မှန်းတန်ဖိုးကျပ် (၁၂၀,၁၂၀,၀၀၀/-) ဖြင့် အမှုတွဲဖွင့်လုပ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ ခုနှစ်၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၂၂၇၈.၄၀၇ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

**ထူးခြားဖမ်းဆီးမှု**






၂၁-၅-၂၀၂၆ ရက်နေ့ (၂၂:၃၀) နာရီ အချိန်ခန့်တွင် မြန်မာနိုင်ငံသားခရီးသည် Min Soe Oo သည် Myanmar Airways International Airlines လေယာဉ်ခရီးစဉ်အမှတ်၊ 8M-608/SF-5600 ဖြင့် အိန္ဒိယနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာပြီး ၎င်းခရီးသည်၏ Baggage အိတ်များအား Airside ရှိ X-Ray စက်ဖြင့် ဖြတ်သန်းစစ်ဆေးရာတွင် X-Ray ပုံရိပ် မသင်္ကာသဖြင့် Arrival Exit-A အကောက်ခွန် စစ်ဆေးရေးကောင်တာ၌ အကောက်ခွန်ဦးစီးဌာန၊ စစ်ဖက်ရေးရာလုံခြုံရေးတပ်ဖွဲ့(လေ)၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့နှင့် လေဆိပ်လုံခြုံရေးအဖွဲ့(YACL)တို့ ပူးပေါင်းပါဝင်သော အဖွဲ့စုံဖြင့် ပိုင်ရှင်၏ရှေ့မှောက်တွင် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ တရားဝင်တင်သွင်းမှု စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Tirzepatide 5 mg Mounjaro kwikpen C/O – India(ကိုယ်အလေးချိန်လျော့ချဆေး) (100U)အပါအဝင် ဆေးဝါး(၅)မျိုး၊ ခန့်မှန်းတန်ဖိုး ကျပ် (၄၁၇,၁၀၀,၀၀၀/-) ဖြင့် အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ခုနှစ်၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၂၂၇၈.၄၀၇ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

**ထူးခြားဖမ်းဆီးမှု**




၇-၅-၂၀၂၆ ရက်နေ့ ၂၁:၂၅ နာရီ အချိန်ခန့်တွင် MAI AirLines လေယာဉ်ခရီးစဉ် အမှတ်၊ 8M-608/ SF-5016 ဖြင့် အိန္ဒိယနိုင်ငံမှ လိုက်ပါလာသည့် မြန်မာနိုင်ငံသားခရီးသည် MIN SOE OO (PP No-MK 856135) ကိုင်ဆောင်သူ Baggage အိတ်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ Airside X-Ray စက်ဖြင့် ဖြတ်သန်းစစ်ဆေးရာတွင် X-Ray ပုံရိပ်မသင်္ကာသဖြင့် Arrival Exit-A အကောက်ခွန်စစ်ဆေးရေးကောင်တာ၌ အကောက်ခွန်ဦးစီးဌာန၊ စစ်ဖက်ရေးရာလုံခြုံရေးတပ်ဖွဲ့ (လေ)၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့ နှင့် YACL တို့ ပူးပေါင်းပါဝင်သော အဖွဲ့စုံဖြင့် ပိုင်ရှင်၏ ရှေ့မှောက်တွင် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ တင်သွင်းခွင့်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Tirzepatide 2.5 mg Mounjaro kwikpen C/O – India (ကိုယ်အလေးချိန်လျှော့ချဆေး) အပါအဝင်ကုန်ပစ္စည်း(၁၀)မျိုး ခန့်မှန်းတန်ဖိုးကျပ် (၃၂၉,၉၁၀,၀၀၀/-)ဖြင့် အမှုတွဲဖွင့်လုပ်ဆောင်ရွက်ခဲ့ပါသည်။